FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## ခရီးသွားအာမခံစည်းကမ်းချက်များ

**အာမခံထားသူ အကျိုးခံစားခွင့်များ**

ခရီးစဉ် အစမှအဆုံးအထိ အာမခံလက်မှတ်ဝယ်ယူထားသည့် ခရီးသည်များသည် စီးနင်းလိုက်ပါသည့်ယာဉ်ကြောင့်ဖြစ်စေ၊ အာမခံထားသူ၏ မတော်တဆဖြစ်ရပ်များကြောင့်ဖြစ်စေ၊ အသက်ဆုံးရှုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် ပူးတွဲပါအကျိုးခံစားခွင့်များကို ရရှိခံစားရမည်ဖြစ်ပါသည်။

**(က) အသက်ဆုံးရှုံးလျှင်**

အသက်ဆုံးရှုံးလျှင် အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းပေးသူသို့ ထုတ်ပေးပါမည်။

**(ခ) ထာဝစဉ်မသန်စွမ်းဖြစ်လျှင်**

ထာဝစဉ်မသန်စွမ်းဖြစ်လျှင် ဆရာဝန်၏ ထောက်ခံချက်တွင် ထာဝစဉ်မသန်မစွမ်းဖြစ်မှု ရာခိုင်နှုန်းအချိုးအတိုင်း ဝယ်ယူသည့်ယူနစ်အလိုက် ပေးလျော်မည်ဖြစ်ပြီး ၁၀၀% ထာဝစဉ်မသန်စွမ်းဖြစ်ပါက လျော်ကြေးကို အာမခံထားငွေကို အပြည့်အဝပေးလျော်မည်ဖြစ်ပါသည်။

**လျော်ကြေးပေးရန်အကျုံးမဝင်သည့်အချက်များ**

(က) ရှိရင်းစွဲ ကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း

(ခ) မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း

(ဂ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း

(ဃ ယာဉ်ထိခိုက်မှုနှင့် ဆက်စပ်မှုမရှိသော မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း စသည်များ

(င) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း

(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း

(ဆ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ပြည်တွင်းစစ်အကြမ်းဖက်ဖျက်ဆီးခြင်းနှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း

(ဇ) (င)၊ (စ) နှင့် (ဆ) ပါ အကြောင်းအရာများနှင့် ယင်းတို့၏ အကျိုးဆက်များကြောင့်ဖြစ်ပေါ်သည့် သေဆုံးခြင်း၊ ထာဝစဉ်မစွမ်းမသန်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း စသည်များ။